
Panasonic

# အသုံးပြုပုံလမ်းညွှန်ချက်များ

(အိမ်တွင်အသုံးပြုရန်အတွက်သာ)

# ဆံပင်ကောက်ခြင်း၊ဖြောင့်ခြင်းပြုလုပ်နိုင်သောဖြောင့်စက်

မော်ဒယ်နံပါတ် . **EH-HV21**



# မာတိကာ

စာမျက်နှာ /


ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုသတိပေးချက်များ ............................... ၃

အစိတ်အပိုင်းများ၏သတ်မှတ်ချက်များ ..................................................................... ၁၀

အကောင်းဆုံးဖြောင့်ခြင်းရလဒ်ရရှိရန်နည်းလမ်းများ ......................................................... ၁၁

စက်အားအသုံးမပြုမီ ............................................ ၁၂

ဖြောင့်စက်ကိုအသုံးပြုခြင်း .............................................................. ၁၃

စက်အားအသုံးပြုပြီးနောက် ............................................................... ၁၆

စက်အားပြုပြင်ထိန်းသိမ်းခြင်း ........................................................................... ၁၆

အသေးစိတ်အချက်အလက်များ ........................................................... ၁၇

ပြဿနာရှာဖွေခြင်း ............................................................................. ၁၇


ဤပန်နာဆိုးနစ်ထုတ်ကုန်အားဝယ်ယူအားပေးသည့်အတွက်ကျေးဇူးတင်ပါသည်။

ဤယူနစ်အားအသုံးမပြုမီအောက်ပါလမ်းညွှန်ချက်များကိုပြည့်စုံစွာဖတ်၍နောင်တွင်အသုံးပြုနိုင်ရန်သိမ်းဆည်းထားပါ။

# ဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်သတိပေးချက်

အနာတရဖြစ်မှု၊အသက်ဆုံးရှုံးမှု၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်း၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုလျှော့ချရန်အောက်ပါဘေးကင်းလုံခြုံရေးကြိုတင်ကာကွယ်မှုများကိုအမြဲသတိပြုပါ။

## အမှတ်သင်္ကေတရှင်းလင်းချက်

အောက်ပါသင်္ကေတများသည်အညွှန်းသင်္ကေတများကိုလျစ်လျူရှုခြင်းမလျော်ကန်စွာအသုံးပြုခြင်းများပြုလုပ်သည့်အခါတွင်ဖြစ်ပေါ်လာသောဘေးအန္တရာယ်၊အနာတရ၊ပစ္စည်းဥစ္စာဆုံးရှုံးခြင်းများကိုခွဲခြားဖော်ပြရာတွင်အသုံးပြုပါသည်။

| | | |
|---|---|---|
| ⚠ | **အရေးကြီးသတိပေးချက်** | ဒဏ်ရာပြင်းထန်မှု(သို့)အသက်ဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်အလားအလာကိုဖော်ညွှန်းသည်။ |
| ⚠ | **သတိပေးချက်** | အသေးစားဒဏ်ရာ(သို့)ပစ္စည်းဥစ္စာဆုံးရှုံးမှုကိုဖြစ်စေနိုင်သောဘေးအန္တရာယ်ကိုဖော်ညွှန်းသည်။ |

အောက်ပါသင်္ကေတများသည်သတိပြုရမည့်လမ်းညွှန်ချက်များကိုခွဲခြားဖော်ပြရာတွင်အသုံးပြုသည်။

| | |
|---|---|
| ⊘ | ဤသင်္ကေတသည်မလုပ်ဆောင်သင့်သောသတ်မှတ်ထားသည့်လုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |
| ❗ | ဤသင်္ကေတသည်ယူနစ်တစ်ခုအားလုံခြုံဘေးကင်းစွာလည်ပတ်နိုင်ရန်လိုက်နာရမည့်သတ်မှတ်ထားသောလုပ်ငန်းစဉ်ကိုအသုံးပြုသူများထံသတိပေးသည့်အခါတွင်အသုံးပြုသည်။ |

လုံခြုံရေးဆိုင်ရာကြိုတင်သတိပေးချက်တွင်ဖော်ပြထားသောအချက်များသည်အမှန်တကယ်ပစ္စည်းနှင့်ကွဲပြားနေနိုင်ပါသည်။

# အရေးကြီးသတိပေးချက်

**ကလေးငယ်များလက်လှမ်းမှီသော နေရာတွင်မထားပါနှင့်။**
**ကလေးများကိုအသုံးပြုခွင့်မပြုပါနှင့်။**
–ပြုလုပ်ပါက မီးလောင်ခြင်း၊ဓာတ်လိုက်ခြင်း၊ထိခိုက်ဒဏ်ရာရခြင်းများရှိနိုင်ပါသည်။


**ပြုပြင်ခြင်း၊အစိတ်အပိုင်းများကိုဖြုတ်ခြင်း၊ပြန်လည်မွမ်းမံခြင်းများမပြုလုပ်ပါနှင့်။**
–ပြုလုပ်ပါကပုံမှန်မဟုတ်သောလုပ်ဆောင်ချက်ကြောင့်မီးလောင်ခြင်း၊အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။
ပြုပြင်ရန်အတွက်တရားဝင်ခွင့်ပြုထားသောဆားဗစ်စင်တာသို့ ဆက်သွယ်ပါ။

**အိမ်သုံးပလပ်ခုံ(သို့)လျှပ်စစ်ကြိုးတပ်ဆင်မှုကိုသတ်မှတ်နှုန်းထက်ပို၍မသုံးပါနှင့်။**
–အိမ်သုံးပလပ်ခုံတစ်ခုတွင်ပလတ်ပေါင်းများစွာတပ်ဆင်ခြင်းဖြင့်သတ်မှတ်နှုန်းကျော်လွန်ခြင်းသည်အပူလွန်ခြင်းကြောင့်မီးလောင်နိုင်ပါသည်။

**မီးကြိုးနှင့်မီးပလပ်အားမထိခိုက်ပါစေနှင့်။**
**လျှပ်စစ်ကြိုးကိုရစ်ပတ်ခြင်း၊ဆွဲခြင်း၊အားဖြင့်ကွေးခြင်းဖြင့်ပြုပြင်ခြင်း(သို့)ပျက်စီးခြင်းမပြုပါနှင့်။**
**ကြိုးကိုဖိခြင်း၊ပစ္စည်းအလေးများတင်ခြင်းမပြုပါနှင့်။**
–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

**မီးကြိုးအစည်းလိုက်ဖြင့်အသုံးမပြုပါနှင့်။**
–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းများရှိနိုင်ပါသည်။

**သိမ်းဆည်းရာတွင်အခြောက်ခံစက်၏အဓိကအပိုင်းကိုကြိုးဖြင့်ရစ်ပတ်ခြင်းမပြုပါနှင့်။**
–ပြုလုပ်ပါကကြိုး၏ဝန်ကျိုးကာလျှပ်စီးလောင်ကျွမ်းမှုကြောင့်ဓာတ်လိုက်ခြင်း၊
မီးလောင်ခြင်းများရှိနိုင်သည်။



**ပလပ်ခေါင်း(သို့)ကြိုးပျက်စီး(အက်ကွဲကြောင်းလေးများ၊ဝါယာကြိုးမြင်နေရခြင်း)သည့်အခါ(သို့)ပူနေသည့်အခါမျိုးတွင်အသုံးမပြုပါနှင့်။**
–ပြုလုပ်ပါကလျှပ်စစ်ပတ်လမ်းတိုခြင်းကြောင့်အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)မီးလောင်ခြင်းများရှိနိုင်ပါသည်။

**ပလပ်ခေါင်းသည် အိမ်သုံးပလပ်ပေါက်တွင် ချောင်နေပါက စက်အားအသုံးမပြုပါနှင့်။**
–ပြုလုပ်ပါက လျှပ်စစ်ပတ်လမ်းတို ခြင်းကြောင့် အပူကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများဖြစ်ပေါ်နိုင်ပါသည်။

မြန်မာ

# အရေးကြီးသတိပေးချက်

**ရေစိုနေသောလက်နှင့်ပလပ်ပေါက်တွင် ပလပ်ခေါင်းထိုးခြင်း၊ထုတ်ခြင်းမပြုပါနှင့်။**
–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊အန္တရာယ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**ရေစိုသောလက်ဖြင့်ကိရိယာအားအသုံးမပြုပါနှင့်။**
–ပြုလုပ်ပါက လျှပ်စီးလောင်ကျွမ်းခြင်းကြောင့်ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**ကိရိယာကိုအသုံးပြုပြီးနောက်စက်ပြောင်းနေစဉ်ကိရိယာကိုပါဝါပလတ်ထိုး၍မထားပါနှင့်။**
–ပြုလုပ်ပါကမီးလောင်ခြင်း၊အပူကျွမ်းခြင်း၊အရောင်ကျွတ်ခြင်း(သို့)အနီးရှိအရာဝတ္ထုများရဲ့စောင်းခြင်းများဖြစ်နိုင်ပါသည်။

---

**အစိုဓာတ်များသော ရေချိုးခန်းကဲ့သို့နေရာမျိုးတွင်ကိရိယာကို ထားရှိခြင်းမပြုပါနှင့်။မှန်တင်ခုံကဲ့သို့ရေများလျှံကျနိုင်သောနေရာမျိုးတွင်လည်းမထားပါနှင့်။**
–ပြုလုပ်ပါကဓာတ်လိုက်ခြင်း၊မီးလောင်ကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**အရက်၊ဘန်ဇင်း၊တင်နာ၊မှုတ်ဆေး၊ဆံကေသာထိန်းသိမ်းမှုထုတ်ကုန်၊လက်သည်းဖျက်ဆေးကဲ့သို့ ပေါက်ကွဲမှုလွယ်သောပစ္စည်းများနှင့်နီးသောနေရာတွင်အသုံးမပြုပါနှင့်။**
–ပြုလုပ်ပါက ပေါက်ကွဲခြင်း၊မီးလောင်ခြင်းများ ရှိနိုင်ပါသည်။

---

**ကိရိယာကိုအသုံးပြုစဉ်စက်ကိုယ်ထည်(သို့)ဆံပင်များတွင်ဆံပင်မှုတ်ဆေး(သို့)ပေါက်ကွဲလွယ်သောဆံပင်နှင့်ဆိုင်သည့်ပစ္စည်းများကိုမသုံးပါနှင့်။**
–ပြုလုပ်ပါကမီးလောင်ခြင်း၊ဓာတ်လိုက်ခြင်းအပူကျွမ်းခြင်းများရှိနိုင်ပါသည်။

---

**ကိရိယာအား ရေစိမ်ခြင်းမပြုပါနှင့်။**
**ရေနှင့်နီးသောနေရာတွင်မထားပါနှင့်။**
**ရေချိုးကန်၊ရေပန်း၊ဘေစင်နှင့်အခြားရေပါသောခွက်များတွင်မထားပါနှင့်။**
–ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---



**ကိရိယာပေါ်ရှိအနီရောင်တားမြစ်သင်္ကေတသည် ရေနှင့်နီးသောနေရာတွင် ကိရိယာအားအသုံးမပြုရန်သတိပေးခြင်းဖြစ်သည်။**

**မူမမှန်ခြင်း၊စက်ချို့ယွင်းခြင်းများနှိပ်ပါကအသုံးပြုမှုကိုချက်ချင်းရပ်၍ပလတ်ခေါင်းကိုဖြုတ်ပါ။**

–မလိုက်နာပါကမီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း(သို့)အနာတရဖြစ်ခြင်းများရှိနိုင်ပါသည်။

**( မူမမှန်ခြင်း(သို့) စက်ချွတ်ယွင်းခြင်းကိစ္စများ)**

- **စက်ကိုယ်ထည်သည်ရုံဖန်ရုံခါရပ်ခြင်း(သို့)မီးကြိုးနှင့်ပလတ်ခေါင်းများပုံမှန်မဟုတ်ဘဲပူခြင်း၊**
- **စက်ကိုယ်ထည်ရွဲ့စောင်းခြင်း၊ ညော်နံ့ရခြင်း၊**

–သက်ဆိုင်ရာဆားဗစ်စင်တာတွင်စုံစမ်းခြင်း ၊ပြုပြင်ခြင်းများပြုလုပ်ပါ။

---

**ပလပ်ခေါင်းကိုသေချာစွာထိုးပါ။**

**ကိရိယာသည်သတ်မှတ်ထားသောဗို့အားနှင့်ကိုက်ညီသောလျှပ်စစ်စွမ်းအားပမာဏကိုသာအသုံးပြုရမည်။**

–ထိုသို့မဟုတ်ပါက မီးလောင်ခြင်း၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်းများရှိနိုင်ပါသည်။

---

**ဖုန်များစုလာခြင်းမှကာကွယ်ရန် ပလပ်ခေါင်းအား မှန်မှန်သန့်ရှင်းပါ။**

–မပြုလုပ်ပါက စိုထိုင်းမှုကြောင့်ဖြစ်ပေါ်လာသော အပူချိန်ကျဆင်းမှုကြောင့် မီးလောင်နိုင်ပါသည်။
ပလပ်ခေါင်းကို ဖြုတ်၍အဝတ်ခြောက်ခြောက်ဖြင့်သုတ်ပါ။

---

မြန်မာ

# အရေးကြီးသတိပေးချက်

**ကိရိယာအားပိတ်လိုက်သည့်အချိန်တွင်ပင် ရေအနားတွင်ထားသည့်အတွက် အန္တရာယ်ရှိနိုင်သောကြောင့် ရေချိုးခန်းတွင် အသုံးပြုပြီးနောက် ခလုတ်ဖြုတ်ပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ထပ်ဆောင်းကွယ်မှုအတွက်ရေချိုးခန်းတွင်အသုံးပြုသောလျှပ်စစ်ပတ်လမ်းသည် ၃၀ မီလီအမ်ပီယာ ထက်မပိုသောသတ်မှတ်ထားသည့် ကြွင်းကျန်သောလည်ပတ်လမ်းကြောင်းရှိသည့် အာစီဒီ တပ်ဆင်ခြင်းမျိုးရှိသင့်ပါသည်။သင့်အားတပ်ဆင်ပေးသူကို အကြံဉာဏ်တောင်းပါ။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**ဤကိရိယာသည် ရုပ်ပိုင်းဆိုင်ရာနှင့်စိတ်ပိုင်းဆိုင်ရာ အားနည်းသူများ၊ဘေးကင်းလုံခြုံမှုအတွက်တာဝန်ရှိသူတစ်ယောက်မှ ကိရိယာ၏အသုံးပြုပုံအားလမ်းညွှန်ချက်မရှိ ဘဲအတွေ့အကြုံဗဟုသုတအားနည်းသူများအသုံးမပြုသင့်ပါ။ကလေးငယ်များကို လည်း ဤကိရိယာနှင့်ဆော့ကစားခြင်းမပြုရန်ဂရုစိုက်သင့်ပါသည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

**အကယ်၍ကြိုးပျက်စီးသွားပါကဘေးအန္တရာယ်ကာကွယ်ရန် ထုတ်လုပ်သူ၊ပစ္စည်း၏ဝန်ဆောင်မှုအေးဂျင့်(သို့)ပညာရှင်များမှ အစားထိုးလဲလှယ်ပေးရမည်။**

–မပြုလုပ်ပါက မတော်တဆထိခိုက်မှု (သို့) အနာတရဖြစ်မှုများရှိနိုင်ပါသည်။

---

# သတိပေးချက်

**ကြိုးကိုရစ်ပတ်၍မထားပါနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ကြိုးအတွင်းရှိ ဝိုင်ယာကြိုးသည် ဖိအားကြောင့်ပျက်စီးပြီး လျှပ်စီးပတ်လမ်းတို ကြောင့် ဓာတ်လိုက်ခြင်း(သို့) မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**လွတ်ကျခြင်း(သို့)အရာဝတ္ထုများနှင့်မထိမိပါစေနှင့်။**

–ယင်းကဲ့သို့ပြုလုပ်ပါက ဓာတ်လိုက်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---


**ကလေးငယ်များအတွက်အသုံးမပြုပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။

---

**စက်ကိုအသုံးပြုနေစဉ်နှင့်အသုံးပြုပြီးချက်ချင်းစက်ပူနိုင်သည့်အတွက်အရိပ်ကျသောနေရာများကိုမကိုင်ပါနှင့်။**

–ပြုလုပ်ပါက အပူကျွမ်းနိုင်ပါသည်။



---

**အပူပေးသည့်အပိုင်းကိုအရေပြား(နားရွက်များ၊နဖူးများလည်အပိုက်နေရာများနှင့်မထိပါစေနှင့်။)**

–ထိပါက အပူကျွမ်းနိုင်ပါသည်။

---

**ဆံပင်ကောက်ရာတွင်သုံးသောပုံသေကောက်ဆေးဖြင့်ကိရိယာကိုမသုံးပါနှင့်။**

–သုံးပါက ဆံပင် (သို့) အရေပြားထိခိုက်နိုင်ပါသည်။

---

**ကိရိယာကိုသင်၏ဆံပင်ထိန်းသိမ်းရန်အတွက်မှလွဲ၍ အခြားရည်ရွယ်ချက်များအတွက်မသုံးပါနှင့်။**

–သုံးပါက အပူကျွမ်းနိုင်ပါသည်။

မြန်မာ

# သတိပေးချက်

**ကိရိယာကိုဆံပင်အစုတစ်စုတည်းတွင် ၂ကြိမ်ထပ်ပိုမသုံးပါနှင့်။**

– အပူကျွမ်းခြင်း၊ ဆံပင်ပျက်စီးခြင်းများရှိနိုင်ပါသည်။

---


**စက်အားအသုံးပြုပြီးနောက်အိမ်သုံးပလတ်ခုံမှပလတ်ကိုဖြုတ်ပါ။**

–မဖြုတ်ပါက အကာကွယ်ပေးမှုယိုယွင်းခြင်းကြောင့်လျှပ်စစ်ယိုစိမ့်ကာ အပူကျွမ်းခြင်း ၊လျှပ်စစ်လျှော့ဖြစ်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**အသုံးပြုနေစဉ်ပုံသွင်းသောနေရာသို့လက်ချောင်းများမထိစေရန်ဖြောင့်စက်ကိုယ်ထည်မှကိုင်ပါ။**

–လက်ညပ်ခြင်းနှင့်အနာတရဖြစ်ခြင်းများဖြစ်နိုင်ပါသည်။



---

**ပလပ်ခေါင်းကိုမီးကြိုးမှဆွဲဖြုတ်မည့်အစားပလပ်ခေါင်းကိုကိုင်၍ဆွဲဖြုတ်ပါ။**

–ထိုသို့မလုပ်ပါက (လျှပ်စစ်ပတ်လမ်းတိုကြောင့်)မီးကြိုးအတွင်းရှိဝါယာကြိုး ပေါက်ကာအပူကျွမ်းခြင်း ၊လျှပ်စစ်ရှော့ခ်ဖြစ်ခြင်း၊မီးလောင်ခြင်းများရှိနိုင်ပါသည်။

---

**သင်၏ဆံပင်ဖြောင့်စက်ဖြင့်မရပ်နားပဲအောက်ဘက်သို့ဆွဲချပါ။ဖြောင့်စက်အားသန့်ရှင်းခြောက်သွေ့ပြီးမရှုပ်ထွေးသောဆံပင်ကိုသာသုံးပါ။အပူချိန်မှာဆံပင်ပုံစံနှင့်အခြေအနေကိုမူတည်၍အကြံပြုလိုပါသည်။(စာမျက်နှာ ၁၂)**

–မီးကျွမ်းခြင်း ၊ဆံပင်ပျက်စီးခြင်းများဖြစ်နိုင်ပါသည်။

---

**ဖြောင့်စက်အားအပူခံနိုင်၍ညီညာသောမျက်နှာပြင်ပေါ်တွင်အမြဲထားပါ။**


–မပြုလုပ်ပါကအနီးရှိအရာများမီးလောင်ခြင်း၊မီးကျွမ်းခြင်း(သို့)အရောင်ကျွတ်ခြင်း(သို့)ပုံစံပျက်ခြင်းများဖြစ်နိုင်ပါသည်။

---

## မှတ်ချက်


- ဆံပင်ပုံသွင်းခြင်းသည်တစ်ရက်ခံသည်။ခေါင်းလျှော်ပြီးပါကပုံမှန်အနေအထားတိုင်းပြန်ဖြစ်သွားမည်။
- ဆံပင်ဖြောင့်ခြင်း၏အကျိုးသက်ရောက်မှုသည်လူတစ်ဦးနှင့်တစ်ဦးကြားကွဲပြားနိုင်ပါသည်။
- တချို့သောဆံပင်တုများနှင့်ဆက်ထားသောဆံပင်များအပူကြောင့်အားနည်းလာပြီးအရောင်ပြောင်းခြင်း(သို့) ယိုယွင်းခြင်းများဖြစ်နိုင်သည်။ဤပစ္စည်းများပေါ်တွင်စက်ကိုအသုံးမပြုပါနှင့်။

# အစိတ်အပိုင်းများကိုခွဲခြမ်းစိတ်ဖြာခြင်း




- က လက်ကိုင်ရန်အဖျား
- ခ အချက်ပြမီး
- ဂ လက်ကိုင်
- ဃ မီးကြိုး
- င ပလပ်ခေါင်း
  (ပလပ်ခေါင်းပုံသဏ္ဍာန်သည်နေရာပေါ်မူတည်၍ပြောင်းလဲနိုင်ပါသည်။)
- စ အဖွင့်အပိတ် ထိန်းချုပ်ခလုတ်
- ဆ ပါဝါခလုတ်/အပူချိန်ထိန်းညှိခလုတ် (၀၊၁၈၀၊၂၀၀၊၂၃၀)
- ဇ ညှပ်သည့်ပလိပ်ပြား
- ဈ သံပလိပ်ပြား

# အကောင်းဆုံးဆံပင်ဖြောင့်ရရှိန်ရန်အချက်များ




**၁။ ဆံပင်များအားတစ်နေရာတည်းကျနေစေရန်ဖြီးပါ။**

**၂။ ပုံတွင်ပြထားသည့်အတိုင်းဆံပင်များကိုစည်းခြင်းနှင့်ပင်အပ်များထိုး၍ထိန်းထားပါ။**


- ဆံပင်ထူပါကပုံသွင်းမှုပိုမိုလွယ်ကူစေရန် ဆံပင်များအားခွဲ၍ဖယ်ထားပါ။

**၃။ ပါဝါပိတ်ခြင်းအားအလေ့အကျင့်ပြုလုပ်ပါ။**

- အလေ့အကျင့်ဖြစ်သည်အထိပါဝါပိတ်ခြင်းအားလေ့ကျင့်ပါ။

## ပုံသွင်းခြင်းအဆင့်များ

ပုံသွင်းခြင်းအားဦးခေါင်းအနောက်ဘက်အောက်ခြေရှိဆံပင်များ
မှစ၍ (၁) မှ (၂)၊ (၃) မှ (၄) အတိုင်းပုံသွင်းပါ။




ဆံပင်အမျိုးအစားများနှင့်ဆံပင်ဖြောင့်ခြင်းနည်းလမ်းများ

ဆံပင်ဖြောင့်ခြင်းသက်ရောက်မှုသည်ဆံပင်ကောက်သည့်ပမာဏနှင့်ဆံပင်အမျိုးအစားပေါ်မူတည်၍တစ်ခုချင်းစီတွင်ကွဲပြားမှုများရှိနိုင်ပါသည်။

| | |
|---|---|
| ဖြောင့်ရန်ခက်ခဲသောဆံပင်များ | ကြမ်းတမ်းသောဆံပင်များ၊ကြွေနေသောဆံပင်များ |

ဆံပင်ဖြောင့်စက်အကြောင်း


- ဆံပင်ဖြောင့်ဆေးရည်ထည့်ထားပြီးဖြောင့်စက်အားချက်ချင်းမသုံးပါနှင့်။ဆံပင်များပျက်စီးနိုင်သည်။(ဆံပင်ဖြောင့်ဆေးသုံးပြီး ၃–၄ရက်ကြာမှသာဖြောင့်စက်အသုံးပြုသင့်သည်။အလှပြင်ဆိုင်တွင်ဆံပင်ပြုပြင်ပြီး ၃–၄ရက်ကြာမှသာဖြောင့်စက်ကိုအသုံးပြုနိုင်ပါသည်။

ဆိုးဆေးများအကြောင်း

- ဆိုးဆေးများသည်ဆံပင်ပေါ်တွင်အလွန်စွဲနေမည်။ဆံပင်ဆေးဆိုးပြီးဖြောင့်စက်အသုံးမပြုမီ ၂–၃ ရက်စောင့်ပါ။ ယာယီဆိုးဆေးများအသုံးပြုပါကခေါင်းလျှော်ပြီးဆံပင်အားခြောက်သွေ့အောင်ပြုလုပ်ပြီးမှဖြောင့်စက်ကိုအသုံးပြုပါ။
- ဆံပင်ဆိုးဆေးအသုံးပြုပြီးအရောင်ငြိမ်သွားသည်အထိစောင့်ပေးပါ။ယာယီဆိုးဆေးများအသုံးပြုရာတွင်ဆိုးဆေးများသေချာမလျှော်ပါကဖြောင့်စက်အားညစ်ပတ်စေနိုင်သည်။ဆံပင်စိုနေပါကဖြောင့်မည်မဟုတ်ပါ။

## သံပလိပ်ပြားအပူပေးခြင်း

**၁။ အဖွင့်အပိတ်ထိန်းချုပ်ခလုတ်အားဖြုတ်ပါ။**




**၂။ မီးပလပ်ထိုးပါ။**

**၃။ ဖြောင့်စက်ဖွင့်ရန်ပါဝါခလုတ်အားရွေးပါ။**

- အချက်ပြမီးလင်းလာမည်။

**၄။ ဆံပင်အမျိုးအစားပေါ်မူတည်၍လိုအပ်သောအချိန်ပမာဏ((၁၈၀၊ ၂၀၀၊ ၂၃၀))သို့ပြောင်းလဲပါ။**

- ဖြောင့်စက်ပထမဆုံးအသုံးပြုချိန်တွင် အပူချိန်အား ၁၈၀ဒီဂရီ သတ်မှတ်ထားပါ။

| ဖော်ပြချက် | အပူချိန် | ဆံပင်ပုံစံ | ဆံပင်အခြေအနေ |
|---|---|---|---|
| ၂၃၀<br>၂၀၀<br>၁၈၀ | ခန့်မှန်းခြေ ၂၃၀ဒီဂရီစင်တီဂရိတ်<br>ခန့်မှန်းခြေ ၂၀၀ဒီဂရီစင်တီဂရိတ်<br>ခန့်မှန်းခြေ ၁၈၀ဒီဂရီစင်တီဂရိတ် | အထူ<br>↕<br>အနေတော် | ပျက်စီးမှုအနည်းဆုံး<br>↕<br>ပျက်စီးနေခြင်း |

### ▶ မှတ်ချက်

- အပူချိန် ၂၀၀နှင့်အထက် မြှင့်ထားပါက ဆံပင်များပျက်စီးနိုင်သည်။ဤအပူချိန်နှင့်အဆက်မပြတ်အသုံးပြုခြင်းကိုရှောင်ကြဉ်ခြင်းနှင့်ဆံပင်အားအသုံးပြုရန်သင့်တော်သောအခြေအနေမှသာအသုံးပြုရန်အကြံပြုပါသည်။
- မီးခလုတ်ဖွင့်ပြီးပါကဖြောင့်စက်သည် ၁၅ စက္ကန့်ကြာသောအခါ အသုံးပြုနိုင်သောအပူချိန် (၁၀၀ ဒီဂရီစင်တီဂရိတ်ခန့်) သို့ရောက်ရှိနေမည်။
- အသုံးပြုနိုင်သောအပူချိန်ရောက်ရှိသည့်အချိန်သည်ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ပြောင်းလဲနိုင်သည်။

# ဖြောင့်စက်ကိုသုံးခြင်း

## ဆံပင်ဖြောင့်ခြင်း




**၁။ ၅စင်တီမီတာခန့်ရှိသော ဆံပင်အကောက်အားကိုင်ပါ။**

- ဆံပင်အများကြီးပြုလုပ်ပါကဖြောင့်ရန် ခက်ခဲနေမည်။



**၂။ ညှပ်သောပလိပ်ပြားဖြင့်ဆံပင်အကွေးအားအတွင်းဘက်သို့ညှပ်၍ဆွဲပါ။**

- ဆံပင်အကွေးအား သံပလိပ်ပြားအလယ်မှညှပ်ပါ။



**၃။ ဆံပင်အားဖြောင့်စက်ဖြင့်ညှပ်၍ဆံပင်အောက်ခြေသို့ဆွဲပါ။**

- ဖြောင့်စက်အားဖြည်းညှင်းစွာဆွဲပါ။ (ပုံမှန်ခေါင်း ဖြီးသည်ထက်ပို၍နှေးပါ။)
- အကယ်၍ဆံပင်ဖြောင့်ရခက်ခဲနေလျှင် လက်ကိုင်အဖျားကိုကိုင်၍ ဖြောင့်စက်ကိုရွှေ့ပါ။
- ဖြောင့်ပြီးပါက ဆံပင်အားဖယောင်းဆံပင် လိမ်းခရင်မ် စသည်တို့ဖြင့်ပုံသွင်းပါ။

## ဆံပင်ကောက်ခြင်း

(အတွင်းဘက်သို့ကောက်ရန်)




### ၁။ ၃ စင်တီမီတာ ခန့်ရှိသောဆံပင်အကောက်အား ကိုင်ပါ။


- ဆံပင်အများကြီးပြုလုပ်ပါက ပုံသွင်းရန် ခက်ခဲနိုင်သည်။

### ၂။ ဖြောင့်စက်ကိုယ်ထည်အား ၁၀ ဒီဂရီစောင်းခြင်းနှင့်ဆံပင်အစုအားညှပ်ခြင်း


- ဆံပင်အစုအားသံပြားအလယ်ဖြင့်ညှပ်ပါ။
- ဆံပင်အားကောက်လိုသောနေရာ၏အပေါ်နားမှညှပ်ပါ။
- ခေါင်းအနောက်ဘက်သို့ ဖြောင့်စက်ကိုယ်ထည်အား ၁၀ ဒီဂရီစောင်း၍ဆွဲပါ။




### ၃။ ဆံပင်အားညှပ်၍ဖြောင့်စက်ကိုယ်ထည်အားတစ်ဝက်လှည့် (၁၈၀ ဒီဂရီ)သည်ထက်ပို၍ဖြည်းညှင်းစွာလှည့်ပါ။



- ဖြောင့်ကိုယ်ထည်အားလက်နှစ်ဖက်ဖြင့် လှည့်ပါ။
- ဖြောင့်ကိုယ်ထည်အားအတွင်းဘက်သို့လှည့်ပါ။




- တစ်ဝက်လှည့်ပြီးပါကဆံပင်ထိပ်ပြားများဦးခေါင်း၏အနောက်သို့ငေါ်ထွက်နေရန်သေချာပါစေ။

မြန်မာ

(အပြင်ဘက်သို့ ကောက်ရန်အတွက် )


ဖြောင့်စက်ကိုယ်ထည်အား အပြင်ဘက်သို့လှည့်ပါ။

- ဖြောင့်စက်ကိုယ်ထည်လှည့်သည့်ဘက်သာပြောင်းလဲသွားခြင်းဖြစ်သည်။
  ၄င်းအချက်မှလွဲ၍ အတွင်းဘက်သို့ ကောက်သည့်အဆင့်များအတိုင်းဆောင်ရွက်ပါ။



၄။ ဆံပင်များအားညှပ်၍ဖြောင့်စက်အားတစ်ဝက်လှည့်အနေအထားဖြင့်ဆံပင်အားဖြည်းညှင်းစွာဆွဲချပါ။

- ဖြောင့်စက်အားဖြည်းညှင်းစွာ ရွှေ့ပါ။ (ပုံမှန်ခေါင်းဖြီးသည်ထက်ပို၍ နှေးပါစေ)





■ အကြံပြုလိုသောအမြန်နှုန်း (ဦးရေပြားမှဆံပင်အဆုံးအထိ)

| ဆံပင်အလျား / အပူချိန်ပမာဏ | ၁၈၀–၂၀၀ | ၂၃၀ |
|---|---|---|
| အလယ်အလတ် | ခန့်မှန်းခြေ ၃စက္ကန့် | ခန့်မှန်းခြေ ၂စက္ကန့် |
| အနည်းငယ်အရှည် | ခန့်မှန်းခြေ ၄–၅စက္ကန့် | ခန့်မှန်းခြေ ၃–၄စက္ကန့် |
| အရှည်ဆုံး | ခန့်မှန်းခြေ ၇–၈စက္ကန့် | ခန့်မှန်းခြေ ၅–၆စက္ကန့် |

ဖြောင့်စက်အပူချိန် ၂၃၀ဒီဂရီသတ်မှတ်၍ အသုံးပြုပါက အထက်တွင်ဖော်ပြထားသောအချိန်ထက်မပိုရ။

- ဆံပင်ပို၍ကောက်စေရန်ဖြောင့်စက်ကိုယ်ထည်အား အပြည့် (၃၆၀ ဒီဂရီ ) လှည့်၍ဆံပင်အဆုံးထိဆွဲပါ။
- ဆံပင်ကောက်ခြင်းထိရောက်မှုရှိစေရန်ဆံပင်အနည်းငယ်အားညှပ်၍ဖြည်းညှင်းစွာရွှေ့ပါ။
- ပြုလုပ်ပြီးသား ဆံပင်အကွေးအားအရင်းမှကိုင်ပါ။အပေါ်အောက်လှုပ်ပါ။ ဆံပင်အားပို၍ကောက်စေပါသည်။ဆံပင်အေးသွားသည်အထိဆံပင်များအားမဖြီးပါစေနှင့်။
- ဆံပင်ကောက်ပြီးပါကဆံပင်အားဖယောင်း၊ဆံပင်လိမ်းခရင်မ်စသည်ဖြင့်ပုံသွင်းပါ။




# အသုံးပြုပြီးနောက်

၁။ ဖြောင့်စက်ပိတ်ရန်ခလုတ်အားရွှေ့ပါ။

၂။ မီးပလပ်ဖြုတ်ပါ။

၃။ ဖြောင့်စက်အားထိန်းသိမ်းရန်သံပလိပ်ပြား
အဖွင့်/အပိတ် ထိန်းချုပ်ခလုတ်ကိုပိတ်ပါ။




ထိန်းချုပ်သည်



# ပြုပြင်ထိန်းသိမ်းခြင်း

ဖြောင့်စက်(သို့) တွဲဖက်ပစ္စည်းများအားမီးပလပ်ဖြုတ်၍အအေးခံပြီးသန့်ရှင်းပါ။

- ဖြောင့်စက်ညစ်ပတ်ခြင်း(သို့)ပုံသွင်းသည့်ပစ္စည်းများဖြောင့်စက်ပေါ်တွင်ရှိနေပါကအဝတ်အားဆပ်ပြာရည်စွတ်၍ညှစ်ထုတ်ပြီးဖြောင့်စက်ပြောင်းစင်သည်အထိသုတ်ပါ။

► မှတ်ချက်

- အရက်ပြန်၊တင်နာ၊ဘန်ဇင်း(သို့)ဖျက်ဆေးများမသုံးပါနှင့်။ပြုလုပ်ပါက အက်ကွဲခြင်း(သို့)ဖြောင့်စက်မျက်နှာပြင်များအရောင်ကျွတ်နိုင်သည်။
- ဖြောင့်စက်အားအလှကုန်များ(သို့)ဆံပင်သုံးအလှကုန်များကပ်နေသည့်အတိုင်းမထားပါနှင့်။ပြုလုပ်ပါကဖြောင့်စက်၏ပလတ်စတစ်များပျက်စီးပြီးအရောင်ကျွတ်ခြင်း(သို့)အက်ကွဲသောအပိုင်းမှချို့ယွင်းခြင်းများဖြစ်နိုင်သည်။

# ပြဿနာဖြေရှင်းချက်

| ပြဿနာ | ဖြစ်ရသောအကြောင်းအရင်း | လုပ်ဆောင်ရန် |
|---|---|---|
| အသုံးပြုနေစဉ်ညှော်နံ့ထွက်ခြင်း ► | အမှုန်စသည် များသံပြားတွင်ကပ်နေခြင်း ► | ကပ်နေသည်များကိုဖယ်ရှား၍ရှင်းလင်းပါ။ |
| သံပလိပ်ပြားမပူခြင်း ► | မီးကြိုးမတပ်ထားခြင်းဖြစ်သည်။ ► | အသုံးပြုမှုကိုချက်ချင်းရပ်၍သက်ဆိုင်ရာဝန်ဆောင်မှုဌာနများသို့ပြုပြင်ရန်ဆက်သွယ်ပါ။ |
| ဖြောင့်စက်ကိုယ်ထည်ပုံပျက်နေခြင်း ──► | | |
| ပါဝါမီးကြိုးလိမ်နေလျှင်တစ်ခါတစ်ရံဖြောင့်စက်ပါဝါပိတ်နိုင်သည်။ ──► | | |
| အသုံးပြုနိုင်သောအပူချိန်ရောက်ရန်အချိန်ကြာခြင်း ► | အသုံးပြုနိုင်သောအပူချိန်(၁၀၀ဒီဂရီစင်တီဂရိတ်ခန့်)ရရှိရန်အချိန်သည်နေရာပေါ်မူတည်၍ကွဲပြားနိုင်သည်။ )<br>၁၀၀–၁၂၀ဗို့ ၆၀စက္ကန့်<br>၂၂၀ – ၂၄၀ ဗို့ ၁၅စက္ကန့် | |

ပြဿနာ အားမဖြေရှင်းနိုင်ပါကဝယ်ယူထားသော ဆိုင်သို့ ပန်နာဆိုးနစ်မှ တရားဝင်ဝင်ခွင့်ပြုထားသောဝန်ဆောင်မှုဌာနများသို့ဆက်သွယ်၍ပြုပြင်ပါ။

# အသေးစိတ်အချက်အလက်များ

| | | |
|---|---|---|
| ရှိရမည့်လျှပ်စစ်ပမာဏ | ၁၀၀–၁၂၀ဗို့ ~<br>၅၀–၆၀ဟတ်စ် | ၂၂၀–၂၄၀ဗို့ ~<br>၅၀–၆၀ဟတ်စ် |
| အသုံးပြုရမည့်လျှပ်စစ်ပမာဏ | ၅၁၀ဝပ် | ၅၅၀ဝပ် |
| သံပြားအပူချိန် | ခန့်မှန်းခြေ ၁၈၀ဒီဂရီစင်တီဂရိတ်မှ ၂၃၀ ဒီဂရီစင်တီဂရိတ်ထိ | |

ဤပစ္စည်းသည်အိမ်သုံး သီးသန့်ဖြစ်သည်။

Panasonic Manufacturing (Thailand) Co., Ltd.

Navanakorn Industrial Estate, Zone 3, No. 106 Moo 18, Klong 1, Klong Luang,
Patum Thani 12120, Thailand